# ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
## တရားရေးဝန်ကြီးဌာန
## (ဥပဒေအရာရှိများဆိုင်ရာ နည်းဥပဒေများ)
## အမှတ် ၃၉၄

အမှတ် ၃၉၄။ ။ ၁၉၄၈ ခုနှစ်၊ နိုင်ငံတော် ရှေ့နေချုပ် အက်ဥပဒေပုဒ်မ ၉ ဖြင့် အပ်နှင်း ထားသည့် အာဏာများကိုင်၄း၊ ထိုကိစ္စနှင့်ပတ်သက်၍ ဆောင်ရွက်ခွင့်ပြုသည့် အခြားအာဏာ အားလုံး ကိုင၄း သုံးစွဲလျက်၊ နိုင်ငံတော်သမတသည်၊ နိုင်ငံတော်ရှေ့နေချုပ်၏ ကြီးကြပ်အုပ်ချုပ်မှု အောက်တွင် ရှိသော ဥပဒေအရာရှိများဆိုင်ရာအမှုထမ်း စည်းကမ်းသတ်မှတ်သည့်၊ အောက်ပါနည်းဥပဒေများကို ပြုလိုက်သည်။

### ဥပဒေအရာရှိများဆိုင်ရာ နည်းဥပဒေများ

၁။ ဤနည်းဥပဒေများကို၊ **ဥပဒေအရာရှိများဆိုင်ရာ နည်းဥပဒေများ**ဟု ခေါ်ရမည်။

၂။ ဤနည်းဥပဒေများသည်၊ ၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ ၄ ရက်နေ့၌ စတင်အာဏာတည်သည်ဟု မှတ်ယူ ရမည်။

၃။ ဤနည်းဥပဒေများတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက် စကားတို့၏အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင် -

(က) “ အက်ဥပဒေ” ဆိုသည်မှာ ၊ ၁၉၄၈ခုနှစ်၊ နိုင်ငံတော်ရှေ့နေချုပ် အက်ဥပဒေကို ဆိုလိုသည်။

(ခ) “ဥပဒေအရာရှိ” ဆိုသည်မှာ၊ လက်ထောက် နိုင်ငံတော်ရှေ့နေချုပ်၊ ဥပဒေရေးဆွဲရေး အရာရှိ၊ အစိုး ရလွှတ်တော်ရှေ့နေ၊ လက်ထောက် အစိုးရလွှတ်တော်ရှေ့နေ၊ လက်ထောက် ဥပဒေရေးဆွဲရေး အရာရှိ၊ သို့တည်းမဟုတ် ဥပဒေသုတေသန အရာရှိကို ဆိုလိုသည်။

၄။ နိုင်ငံတော်ရှေ့နေချုပ်၏ ကြီးကြပ်အုပ်ချုပ်မှုအောက်တွင် နိုင်ငံတော်အစိုးရ ခွင့်ပြုထားသည့် အရေအတွက် ရှိသော ဥပဒေအရာရှိများနှင့် ရုံးအမှုထမ်းအဖွဲ့ တခုရှိရမည်။

ခွင့်ပြုပြီးဥပဒေအရာရှိအရေအတွက် ဥပဒေအရာရှိရာထူးများနှင့် ရာထူးအသီးသီးနှင့်သက်ဆိုင်သည့် လစာနှုန်းများကို အောက်တွင်ဖေါ်ပြထားသည်။

| | ရာထူးအမည်။ | | ရာထူးဦးရေ။ | လစာနှုန်း။ |
|---|---|---|---|---|
| | | | | ကျပ် |
| (၁) | လက်ထောက်နိုင်ငံတော်ရှေ့နေချုပ် | | ၁ | ၁,၆၀၀ (ပုံသေ) |
| (၂) | အစိုးရလွှတ်တော်ရှေ့နေ | ---- | ၇ | ၁,၀၀၀-၅၀-၁,၄၀၀ |

Myanmar Law Information System (MLIS)

| | | | | |
|---|---|---|---|---|
| (၃) | ဥပဒေရေးဆွဲရေး အရာရှိ | ---- | ၃ | ၁,ဝဝဝ-၅ဝ-၁,၄ဝဝ |
| (၄) | လက်ထောက်အစိုးရ လွှတ်တော်ရှေ့နေ | | ၂ | ၇၅ဝ (ပုံသေ) |
| (၅) | လက်ထောက်ဥပဒေရေးဆွဲရေး အရာရှိ | | ၂ | ၆ဝဝ-၄ဝ-၈ဝဝ |
| (၆) | ဥပဒေသုတေသနအရာရှိ | ---- | ၁ | ၃၅ဝ-၂၅-၇ဝဝ |

၅။ ပြည်ထောင်စုမြန်မာနိုင်ငံသားများသာလျှင် ဥပဒေအရာရှိအဖြစ် ခန့်ထားခံနိုင်သည့် အရည်အချင်း နှင့် ပြည့်စုံသူများဖြစ်ရမည်။

၆။ မည်သူကိုမျှ-

(က) အနည်းဆုံး ခုနစ်နှစ် အမှုလိုက်လဲဆောင်ရွက်ခဲ့သော လွှတ်တော်ရှေ့နေ မဟုတ်လျှင်၊ အစိုးရလွှတ်တော်ရှေ့နေအဖြစ်၊ သို့တည်းမဟုတ် ဥပဒေရေးဆွဲရေး အရာရှိအဖြစ်သော်၎င်း၊

(ခ) အနည်းဆုံး ၅နှစ် အမှုလိုက်လဲဆောင်ရွက်ခဲ့သော လွှတ်တော်ရှေ့နေ မဟုတ်လျှင်၊ လက်ထောက်အစိုးရလွှတ်တော်ရှေ့နေအဖြစ်၊ သို့တည်းမဟုတ် လက်ထောက်ဥပဒေရေးဆွဲရေး အရာရှိအဖြစ်သော်၎င်း၊

(ဂ) လွှတ်တော်ရှေ့နေမဟုတ်လျှင်၊ ဥပဒေသုတေသန အရာရှိအဖြစ် သော်၎င်း ဥပဒေအရာရှိများဆိုင်ရာ နည်းဥပဒေများခန့်ထားခြင်းမပြုရ။

သို့ရာတွင် နိုင်ငံတော် သမတသည်၊ သီးခြားကိစ္စတရပ်ရပ်နှင့် စပ်လျဉ်း၍ ၊ ဤနည်းဥပဒေပါ လိုအပ် ချက်များကို အမိန့်ဖြင့် လျော့ပေါ့နိုင်သည်။

၇။ နိုင်ငံတော်ရှေ့နေချုပ်၏ ကြီးကြပ်အုပ်ချုပ်မှုကိုလိုက်နာလျက်၊ လက်ထောက်နိုင်ငံတော်ရှေ့နေချုပ် သည်၊ အောက်ပါတာဝန်ဝတ်တရားများကို ဆောင်ရွက်ရမည်။

(က) တရားလွှတ်တော်ချုပ်တွင် အမှုသည်အဖြစ်ဖြင့် ပြည်ထောင်စုအစိုးရ ပါဝင်နေသည့် အရေးကြီး သော အမှုများ၌ ပြည်ထောင်စုအစိုးရ အတွက် အမှုလိုက်လဲဆောင်ရွက်ရခြင်း။

(ခ) တရားလွှတ်တော်တွင် ခက်ခဲသည့်၊ သို့တည်းမဟုတ် အရေးကြီးသည့် စက်ရှင်မှုများကို စွဲဆိုရာ၌ အမှုလိုက်လဲဆောင်ရွက်ရခြင်း။

(ဂ) နိုင်ငံတော်ရှေ့နေချုပ်သို့ လွှဲအပ်သည့် ဥပဒေနှင့် သက်ဆိုင်သည့်ကိစ္စများနှင့်စပ်လျဉ်း၍ ပြည်ထောင်စု အစိုးရ၊ သို့တည်းမဟုတ် ဌာနဆိုင်ရာ အကြီးအကဲများအား၊ အကြံဉာဏ်ပေးခြင်း၊ ထို့ပြင် နိုင်ငံတော်ရှေ့နေချုပ်၏ အကြံဉာဏ်ရယူထိုက်ခွင့်ရှိသူများဖြစ်သည်ဟု နိုင်ငံတော်သမတက၊ အခါ အားလျော်စွာ အမိန့်ကြော်ငြာစာဖြင့် ကျေညာသည့် အရာရှိများ၊ သို့တည်းမဟုတ် ဘုတ်အဖွဲ့များ၊ သို့တည်းမဟုတ် ကော်ပိုရေးရှင်းများအား၊ နိုင်ငံတော်ရှေ့နေချုပ်သို့ လွှဲအပ်သည့် ဥပဒေနှင့် သက်ဆိုင် သည့် ကိစ္စများနှင့်စပ်လျဉ်း၍ အကြံဉာဏ်ပေးခြင်း။

Myanmar Law Information System (MLIS)

(ဃ) ရာဇဝတ်မှု စုံစမ်းစစ်ဆေးခြင်းနှင့်၎င်း၊ ရာဇဝတ်မှု လိုက်လံဆောင်ရွက်ခြင်းနှင့်၎င်းစပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးအရာရှိများ၊ ခရိုင်ရဲဝန်များနှင့် အစိုးရရှေ့နေများက အကြံဉာဏ်တောင်းဆိုသည့်အခါ၊ ၎င်းတို့အား၊ အကြံဉာဏ်ပေးခြင်း။

(င) အမှုသည်အဖြစ်ဖြင့် ပြည်ထောင်စုအစိုးရ ပါဝင်နေသော အမှုကို ရန်ကုန်မြို့၌ဖြစ်စေ၊ အခြားအရပ် ဒေသများ၌ဖြစ်စေ စွဲဆိုလျှင်၊ သို့တည်းမဟုတ် စွဲဆိုရမည်ဖြစ်လျှင်၊ ထိုအမှုများနှင့် သက်ဆိုင်သော အဆို အခြေအားလုံးကို စီစဉ်ရေးဆွဲခြင်း၊ ထို့ပြင် ထိုအမှုများကို စွဲဆိုဆောင်ရွက်ရာ၌ ယေဘုယျအားဖြင့် အကြံ ဉာဏ်ပေးခြင်း။

(စ) အစိုးရလွှတ်တော်ရှေ့နေနှင့် ဥပဒေရေးဆွဲရေး အရာရှိအားလုံး၏ အလုပ်များကို၎င်း၊ နိုင်ငံတော် ရှေ့နေချုပ်ရုံး အမှုထမ်းအဖွဲ့ဆိုင်ရာ အလုပ်များကို၎င်း ယေဘုယျအားဖြင့် ကြီးကြပ်ခြင်း။ ထို့ပြင်

(ဆ) ဥပဒေဖြင့် သတ်မှတ်ချပေးထားသော အလုပ်ဝတ်တရားများကို နိုင်ငံတော်ရှေ့နေချုပ် ဆောင်ရွက် ရာတွင် ယေဘုယျအားဖြင့် ကူညီခြင်း။

၈။ နိုင်ငံတော်ရှေ့နေချုပ်ရုံးတွင် ဥပဒေအရာရှိများအား၊ အလုပ်ခွဲဝေပေးရေးအတွက် ပြုသည့် နည်းဥပဒေ များနှင့်မဆန့်ကျင်စေဘဲ ဥပဒေရေးဆွဲရေး အရာရှိများနှင့် လက်ထောက်ဥပဒေရေးဆွဲ ရေး အရာရှိများသည်၊ အောက်ပါတာဝန်ဝတ်တရားများကို ဆောင်ရွက်ရမည်။

(က) တချက်လွှတ် ဥပဒေကြမ်းများနှင့် ပါလီမန်တွင် ပြည်ထောင်စုအစိုးရက တာဝန်ယူ၍ တင်သွင်း မည့် ဥပဒေကြမ်းအားလုံးကို စစ်ဆေးကြည့်ရှုပြင်ဆင်ခြင်း။

(ခ) ပါလီမန်တွင် တင်သွင်းခွင့်ပြုရန် မဲကျပြီးဖြစ်သော အစိုးရအဖွဲ့ဝင် မဟုတ်သည့် အမတ်များတင် သွင်းသည့် ဥပဒေကြမ်းအားလုံးကို စစ်ဆေးကြည့်ရှုပြင်ဆင်ခြင်း။

(ဂ) ပစ္စည်းလွှဲပြောင်းရေးစာချုပ်စာတမ်းအားလုံးကို၊ ပြည်ထောင်စုအစိုးရ အတွက်၊ သို့တည်းမဟုတ် ပြည်ထောင်စု အစိုးရက ဖွဲ့စည်းထားသည့် ဘုတ်အဖွဲ့များနှင့် ကော်ပိုရေးရှင်းများအတွက် စစ်ဆေးကြည့် ရှုပြင်ဆင်ခြင်း။

(ဃ) ပြည်ထောင်စုအစိုးရနှင့် ချုပ်ဆိုမည့် သဘောတူစာချုပ်ကြမ်းများ၊ ပဋိညာဏ်စာချုပ်ကြမ်းများ၊ ခံဝန်ချုပ်ကြမ်းများနှင့် အခြားစာချုပ်ကြမ်းများကို စစ်ဆေးကြည့်ရှု ပြင်ဆင်ရန် ညွှန်ကြားသည့်အခါ၊ ၎င်း တို့ကို စစ်ဆေးကြည့်ရှုပြင်ဆင်ခြင်း။

(င) တရားဥပဒေ သဘောသက်ရောက်စေရန် ကြံရွယ်ထားသည့်နည်းဥပဒေကြမ်းများ၊ စည်းမျဉ်းဥပဒေ ကြမ်းများ၊ စည်းကမ်းဥပဒေကြမ်းများ၊ အမိန့်စာကြမ်းများနှင့် အမိန့်ကြော်ငြာစာကြမ်းများ စစ်ဆေး ကြည့်ရှုပြင်ဆင်ရန် ညွှန်ကြားသည့်အခါ၊ ၎င်းတို့ကို စစ်ဆေးကြည့်ရှုပြင်ဆင်ခြင်း။

(စ) လုပ်ငန်းဆောင်တာနည်းနာတို့နှင့် ဆိုင်သော၊ သို့တည်းမဟုတ် စီရင်အုပ်ချုပ်မှုနှင့်ဆိုင်သော အစိုး ရအချင်းချင်း သဘောတူညီချက်စာကြမ်းများနှင့် ပြည်ထောင်ချင်းချင်း သဘောတူညီချက် စာကြမ်းများ ကို စစ်ဆေးကြည့်ရှုပြင်ဆင်ရန် ညွှန်ကြားသည့်အခါ၊ ၎င်းတို့ကို စစ်ဆေးကြည့်ရှုပြင်ဆင်ခြင်း။ ထို့ပြင်

(ဆ) ဥပဒေရေးဆွဲခြင်းနှင့်စပ်လျဉ်းသည့် ကိစ္စအားလုံးတွင် အကြံဉာဏ်ပေးခြင်း။

၉။ အစိုးရလွှတ်တော် ရှေ့နေများ၏ တာဝန်ဝတ်တရားများမှာ၊ အောက်ပါအတိုင်းဖြစ်ရမည်။

Myanmar Law Information System (MLIS)

(က) တရားလွှတ်တော်ချုပ်၌၊ သို့တည်းမဟုတ် တရားလွှတ်တော်၌ ၎င်း၏မူလဘက်၊ သို့တည်းမဟုတ် အယူခံဘက်စီရင်ပိုင်ခွင့်ရှိသော တရားမမှုနှင့် ရာဇဝတ်မှုများတွင် သော်၎င်း၊ ရန်ကုန်မြို့၌ဖြစ်စေ၊ အခြား အရပ်ဒေသများတွင်ဖြစ်စေ ရှိသော အထူးခုံရုံးတခုခုရှေ့၌၊ သို့တည်းမဟုတ် တရားလွှတ်တော် လက် အောက်တရားရုံး တခုခုရှေ့၌သော်၎င်း၊ နိုင်ငံတော်ရှေ့နေချုပ်ကဖြစ်စေ၊ လက်ထောက် နိုင်ငံတော် ရှေ့နေချုပ်ကဖြစ်စေ ညွှန်ကြားသည့်အတိုင်း ပြည်ထောင်စု အစိုးရအတွက် အမှုလိုက်လဲ ဆောင်ရွက်ရန်။

(ခ) တရားလွှတ်တော်၌ဖြစ်စေ၊ တရားလွှတ်တော်၏ လက်အောက်တရားရုံးတခုခု၌ဖြစ်စေ စွဲဆိုသည့် စက်ရှင်မှုများတွင် ညွှန်ကြားသည့်အတိုင်း အမှုလိုက်လဲဆောင်ရွက်ရန်။

(ဂ) ထင်မြင်ချက် ပေးရန်အတွက် မိမိတို့အား၊ နိုင်ငံတော်ရှေ့နေချုပ်က ဖြစ်စေ၊ လက်ထောက်နိုင်ငံတော် ရှေ့နေချုပ်ကဖြစ်စေ လွှဲအပ်သည့် ကိစ္စအားလုံးတွင် အကြံဉာဏ်ပေးရန်။

၁၀။ လက်ထောက်အစိုးရလွှတ်တော်ရှေ့နေများ၏ တာဝန်ဝတ်တရားများမှာ၊ အောက်ပါအတိုင်း ဖြစ်ရ မည်။

(က) တရားလွှတ်တော်၏ လက်အောက်တရားရုံးများတွင် အရေးကြီးသော ရာဇဝတ်မှုများ စွဲဆိုရာတွင် နိုင်ငံတော်ရှေ့နေချုပ်က၊ သို့တည်းမဟုတ် လက်ထောက် နိုင်ငံတော်ရှေ့နေချုပ်က ညွှန်ကြားသည့်အတိုင်း အမှုလိုက်လဲ ဆောင်ရွက်ရန်။

(ခ) ရန်ကုန်ခရိုင် ရာဇဝတ်တရားသူကြီးရုံး၌ဖြစ်စေ၊ တရားလွှတ်တော်မှတပါး၊ ပြင်ဆင်စီရင်ပိုင်ခွင့်ရှိ သည့် အခြားတရားရုံးတခုခု၌ဖြစ်စေ ရာဇဝတ်အသေးမှုများ၊ သို့တည်းမဟုတ် ရာဇဝတ်ပြင်ဆင်မှုများ တွင် ပြည်ထောင်စုအစိုးရအတွက် အမှုလိုက်လဲရန် လိုအပ်ပါက ယင်းသို့ အမှုလိုက်လဲ ဆောင်ရွက်ရန်။

(ဂ) ရန်ကုန်မြို့တော် တရားမရုံးများ၌ တရားမမှုများတွင် ပြည်ထောင်စု အစိုးရအတွက် အမှုလိုက်လဲ ဆောင်ရွက်ရန်။

(ဃ) နိုင်ငံတော်ရှေ့နေချုပ်ကဖြစ်စေ၊ လက်ထောက် နိုင်ငံတော်ရှေ့နေချုပ်ကဖြစ်စေ မိမိအားလွှဲပေး သည့် ထင်မြင်ချက်ပေးရန် ကိစ္စအားလုံးတွင် အကြံဉာဏ်ပေးရန်။

၁၁။ ဥပဒေသုတေသနအရာရှိ၏ တာဝန်ဝတ်တရားများမှာ၊ အောက်ပါအတိုင်းဖြစ်ရမည်။

(က) စီရင်ထုံးပြောင်းလဲချက်များကို မှတ်သားထားရန်၊ တည်ဆဲတရားဥပဒေများ၊ အမိန့်ကြော်ငြာစာ များနှင့် အမှုများ၏ အခါအားလျော်စွာ ပြောင်းလဲချက်များကို မှတ်သားလျက်၊ ထိုတရားဥပဒေ စသည်တို့နှင့် စပ်လျဉ်း၍ အညွှန်းကပ်ပြားများထားရှိရန်၊ ထို့ပြင် ဥပဒေနှင့် စပ်လျဉ်း၍၊ ကိုးကားချက် များ ရှာဖွေကြည့်ရှုရန်၊ စာအုပ်စာတမ်းများကို နောက်ဆုံးပြင်ဆင်ချက်များနှင့်တကွ ထားရှိရန်။

(ခ) နိုင်ငံတော်ရှေ့နေချုပ် ဆောင်ရွက်သည့် လျှို့ဝှက်သော အမှုကိစ္စများကို ထိန်းသိမ်းစောင့်ရှောက်ရန်။

(ဂ) နိုင်ငံတော်ရှေ့နေချုပ် အမှုလိုက်လဲမည့် တရားမမှုများနှင့်၎င်း၊ ရာဇဝတ်မှုများနှင့်၎င်း သက်ဆိုင် သည့် စီရင်ထုံးများနှင့် စပ်လျဉ်း၍ မှတ်ချက်များရေးသားလျက် ဆိုင်ရာကိုးကားချက်များနှင့်တကွ နိုင်ငံ တော် ရှေ့နေချုပ်ထံ ညွှန်ပြရန်။

(ဃ) လက်ထောက် နိုင်ငံတော်ရှေ့နေချုပ်အမှုလိုက်လဲသော တရားမမှုများနှင့် ရာဇဝတ်မှုများတွင်၎င်း၊ ထင်မြင်ချက်ပေးရန် ကိစ္စများတွင်၎င်း လက်ထောက်နိုင်ငံတော် ရှေ့နေချုပ်အား၊ ယေဘုယျအားဖြင့် အကူအညီပေးရန်။ ထို့ပြင်

Myanmar Law Information System (MLIS)

(င) ယေဘုယျအားဖြင့် မိမိအား၊ နိုင်ငံတော်ရှေ့နေချုပ်ကဖြစ်စေ၊ လက်ထောက် နိုင်ငံတော်ရှေ့နေချုပ် ကဖြစ်စေ ချပေးထားသော တာဝန်ဝတ်တရားများကို ဆောင်ရွက်ရန်။

၁၂။ လက်ထောက်နိုင်ငံတော် ရှေ့နေချုပ်၊ အစိုးရလွှတ်တော်ရှေ့နေနှင့် ဥပဒေရေးဆွဲရေး အရာရှိများ သည်၊ ၁၉၅၃ ခု၊ နိုဝင်ဘာလ ၇ ရက်နေ့စွဲပါ ဘဏ္ဍာရေးနှင့် အခွန်တော်ဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၅၈၇ ဖြင့်ပြင်ဆင်ထားသော မူလအခြေခံနည်းဥပဒေ ၅၆၊ အပိုဒ် (ဂ)၊ အပိုဒ်ခွဲ (၃)အရ၊ အများပြည်သူအကျိုးငှါ၊ အလွန်အကြောင်းထူးသည့်ကိစ္စများတွင် အသက် ၆၀ ကျော်လွန်၍ အမှုထမ်း ရွက်ခွင့်မပြုလျှင် အသက် ၆၀ ပြည့်သည့်အခါ အမှုထမ်းရွက်ခြင်းမှ အငြိမ်းစားယူရမည်။ မူလအခြေခံ နည်းဥပဒေ ၅၆ (က) ပါ ပြဋ္ဌာန်းချက်များသည်၊ အခြားဥပဒေ အရာရှိများနှင့် သက်ဆိုင်စေရမည်။

၁၃။ ဥပဒေအရာရှိများမှာ၊ နိုင်ငံတော်သမတက၊ အခါအားလျော်စွာ သတ်မှတ်သည့်လစာ၊ သို့တည်း မဟုတ် လစာနှုန်းများကို ရထိုက်ခွင့်ရှိရမည့်ပြင်၊ အခြားအစိုးရဌာနများရှိ မိမိတို့နှင့် အဆင့်အတန်း တူညီသော အရာရှိများ၏ ခရီးစရိတ်၊ ခွင့်ရက်၊ ပင်ရှင်နှင့် စပ်လျဉ်း၍ အတည်ဖြစ်နေသော နည်းဥပဒေ များ၊ စည်းမျဉ်းဥပဒေများသည်၊ ဥပဒေအရာရှိများနှင့် သက်ဆိုင်စေရမည်။

၁၄။ အသက်၃၅ နှစ်တွင်သော်၎င်း၊ အသက်၃၅နှစ် ကျော်လွန်ပြီးနောက်မှသော်၎င်း လက်ထောက် နိုင်ငံ တော်ရှေ့နေချုပ်၊ အစိုးရလွှတ်တော်ရှေ့နေနှင့် ဥပဒေရေးဆွဲရေး အရာရှိအဖြစ် တိုက်ရိုက်ခန့်ထား ခြင်း ခံရသော လွှတ်တော်ရှေ့နေများသည်၊ အသက်ပြည့်၍ အငြိမ်းစားယူသည့် ပင်ရှင်ရထိုက်ရန်လိုအပ်သည့် အမှုထမ်းသက်တွင် ၁၀ နှစ်ကို ထည့်ပေါင်းရေတွက်နိုင်သည်၊ သို့ရာတွင် အစိုးရအမှုထမ်းရွက်ခြင်းမှ ထွက်သည့်အချိန်အခါ၌ ထိုသူတို့၏ အမှန်စင်စစ် ပင်ရှင်ရထိုက်ရန် လိုအပ်သည့် အမှုထမ်းသက်မှာ ၁၀နှစ် အောက်လျော့နေလျှင်၊ ထိုသူတို့မှာ၊ အဆိုပါ အခွင့်အရေးကို ခံစားခွင့်မရှိစေရ။

၁၅။ ဥပဒေအရာရှိများအား၊ အစိုးရအမှုမဟုတ်သည့်၊ ကိုယ်ပိုင်အမှုလိုက်လဲဆောင်ရွက်နိုင်ခွင့် မပြုစေရ။

၁၆။ ဤနည်းဥပဒေများထုတ်ပြန်ကြေညာခြင်းမပြုမီ၊ ခန့်အပ်ခြင်းခံရသည့် ဥပဒေ အရာရှိများသည်၊ ဤနည်းဥပဒေများအရ ခန့်အပ်ခြင်းခံရသူများဖြစ်သည်ဟု မှတ်ယူရမည်။

၁၇။ The Crown Office Rules, 1945 ကို၊ ဤနည်းဥပဒေများဖြင့် ရုပ်သိမ်းပယ်ဖျက်လိုက်သည်။

အမိန့်အရ၊

သန်း၆၊

အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ၊

တရားရေးဝန်ကြီးဌာန။

Myanmar Law Information System (MLIS)